

# FoodShare အဖွဲ့ဝင်များခင်ဗျာ-

## သင်တို့တွင် အိတ်စိုက်ပေးချေရမည့် ဆေးဘက်ဆိုင်ရာ ကုန်ကျစရိတ်များ ရှိနေပါက အပိုဆောင်း FoodShare အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသည်။

(FoodShare Members: You may be able to get more FoodShare benefits if you have medical expenses that you pay out of your own pocket.)

☐ သင်သည် FoodShare အကျိုးခံစားခွင့်များကို ရရှိနေပါသလား။

☐ သင်သည် အသက် 60 နှစ်နှင့်အထက် မျက်စိမမြင်သူ သို့မဟုတ် မသန်စွမ်းသူတစ်ယောက် ဖြစ်ပါသလား။

☐ သင့်တွင် အိတ်စိုက်ပေးချေရမည့် ဆေးဘက်ဆိုင်ရာ ကုန်ကျစရိတ်များ ရှိပါသလား။

**သင်သည် မေးခွန်းသုံးခုစလုံးကို "ဟုတ်သည်" ဟု ဖြေကြားပါက အပိုဆောင်း FoodShare အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသည်။** အဘယ်ကြောင့် ဆိုသော် အချို့သော ဆေးဘက်ဆိုင်ရာ ကုန်ကျစရိတ်များတွင် သင်သုံးစွဲလိုက်သည့် ငွေအချို့အတွက် အာမခံပေးချေမှုကို ရရှိနိုင်သောကြောင့်ဖြစ်သည်။ ၎င်းကို ဆေးဘက်ဆိုင်ရာ ကုန်ကျစရိတ် နုတ်ယူစေခြင်းဟုလည်း သိကြသည်။

## သတ်မှတ်ချက်ပြည့်မီသော ဆေးဘက်ဆိုင်ရာ ကုန်ကျစရိတ် ဥပမာများတွင် အောက်ပါတို့ပါဝင်သည်-



**ဆေးစာပါဆေးဝါးများ**



**ဆေးစာမလိုဘဲ ဝယ်ယူနိုင်သော ဆေးဝါးများ**



**အာမခံ ပရီမီယံကြေးများ**



**မျက်မှန်များနှင့် မျက်ကပ်မှန်များ**

## ပိုမိုရှာဖွေလေ့လာရန်-

အချို့သော ဆေးဘက်ဆိုင်ရာ ကုန်ကျစရိတ်များကို အစီရင်ခံတင်ပြပြီး အပိုဆောင်း FoodShare အကျိုးခံစားခွင့်များ ရရှိနည်းနှင့်ပတ်သက်၍ လေ့လာရန် သင့်ဒေသတွင်းဌာနသို့ ဖုန်း၊ မေးလ်၊ ဖက်စ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်ပါ။ **dhs.wi.gov/forwardhealth/imagency/index.htm သို့ဝင်ရောက်ကြည့်ရှုပြီး သင့်ဒေသတွင်းဌာနကို ရှာဖွေနိုင်ပါသည်။**

ဆေးဘက်ဆိုင်ရာ ကုန်ကျစရိတ် နုတ်ယူမှုများ လုပ်ဆောင်ပုံနှင့် ပတ်သက်ပြီး အချက်အလက်များကို ပိုမိုသိရှိရန်- **www.dhs.wisconsin.gov/publications/p03315b.pdf** တွင် အွန်လိုင်းလမ်းညွှန် အပြည့်အစုံကို ကြည့်ရှုပါ။

**FoodShare အကျိုးခံစားခွင့်များ မရရှိသေးဘူးလား။** နည်းလမ်းလေးမျိုးဖြင့် လျှောက်ထားနိုင်ပါသည်-

**အွန်လိုင်းမှတစ်ဆင့်။** ACCESS ဝက်ဘ်ဆိုက်ဖြစ်သည့် **access.wi.gov** တွင် လျှောက်ထားပါ။

**ဖုန်းဖြင့်။** ဖုန်းဖြင့်လျှောက်ထားရန် သင့်ဒေသတွင်းဌာနကို ဖုန်းခေါ်ဆိုပါ။

**မေးလ် သို့မဟုတ် ဖက်စ်ဖြင့်။** မေးလ် သို့မဟုတ် ဖက်စ်ဖြင့် လျှောက်ထားရန် ဖြည့်စွက်ထားသော လျှောက်လွှာကို သင့်ဒေသတွင်းဌာနသို့ ပေးပို့ပါ။

**လူကိုယ်တိုင်။** လူကိုယ်တိုင် လျှောက်ထားရန် သင့်ဒေသတွင်းဌာနသို့ သွားရောက်ပါ။ သင်သည် ရက်ချိန်းတစ်ခု ပြုလုပ်ရန် လိုအပ်နိုင်ပါသည်။

ဤပရောဂျက်ကို U.S. Department of Agriculture (အမေရိကန် စိုက်ပျိုးရေးဌာန) မှ ဖက်ဒရယ်ရန်ပုံငွေဖြင့် အနည်းဆုံး တစ်စိတ်တစ်ပိုင်း ငွေကြေးပံ့ပိုးထားပါသည်။ ဤထုတ်ဝေမှုပါ အကြောင်းအရာများသည် U.S. Department of Agriculture (အမေရိကန် စိုက်ပျိုးရေးဌာန) ၏ ထင်မြင်ချက် သို့မဟုတ် မူဝါဒများကို သေချာပေါက် ထည့်သွင်းဖော်ပြထားခြင်း မဟုတ်သည့်အပြင် အမေရိကန်အစိုးရက သွယ်ဝိုက်ထောက်ခံချက် ပေးထားသော လုပ်ငန်းအမည်များ၊ စီးပွားဖြစ်ထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကို ရည်ညွှန်းဖော်ပြခြင်းမရှိပါ။